# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ

## ညွှန်ကြားချက်အမှတ် (၁/၂၀၂၂)

## နေပြည်တော်၊ ၁၃၈၃ ခုနှစ်၊ တပို့တွဲလဆန်း ၁၄ ရက်

## ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်

၁။ ၂၀၂၁ ခုနှစ် ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် ကျင်းပသော အသေးစားငွေရေးကြေးရေး လုပ်ငန်းကြီးကြပ်မှုကော်မတီ အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၁) ၏ဆုံးဖြတ်ချက်အရ အသေးစားငွေရေး ကြေးရေးလုပ်ငန်းဥပဒေ ပုဒ်မ ၆၈ ပုဒ်မခွဲ (ခ) အရအပ်နှင်းထားသည့် လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ သည် အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများ လုပ်ငန်းနယ်မြေတိုးချဲ့ခွင့် တင်ပြရာ တွင်အသုံးပြုရမည့် အမ်အက်ဖ်အိုင်(စ်)-၀၃ ပုံစံအား ပူးတွဲပုံစံအတိုင်း သတ်မှတ်လိုက် သည်။

၂။ ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ် ဦးစီးမှူးများသည် အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများက လုပ်ငန်းနယ်မြေတိုးချဲ့ခွင့် တင်ပြလာပါ က ပူးတွဲပုံစံပါ တင်ပြရမည့်အချက်များ ပြည့်စုံမှု ရှိ/မရှိ စိစစ်ပြီး အဆိုပါတင်ပြချက် အတွက် သက်ဆိုင်ရာ ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ် အသေးစားငွေရေးကြေးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီများထံ ထောက်ခံချက်ရယူ၍ ဆက်လက်ဆောင်ရွက်ပေးရန်ဖြစ်ပါသည်။

၃။ ပုံစံပါတင်ပြရမည့်အချက်များ ပြည့်စုံမှုမရှိသည့် နယ်မြေတိုးချဲ့ခွင့်လျှောက်လွှာများကို ငြင်းပယ်ရမည်။

၄။ ဤညွှန်ကြားချက်သည် ထုတ်ပြန်သည့်နေ့မှစ၍ အကျိုးသက်ရောက်စေရမည်။

ဝင်းရှိန်

ဥက္ကဋ္ဌ

အသေးစားငွေရေးကြေးရေးကြီးကြပ်မှုကော်မတီ